**ကညီဒီကလုာ်စၢဖှိၣ်ကရၢ,တီအူကီၢ်ရှၣ်ဝဲၤလီၢ်ခိၣ်သ့ၣ်**

KNU,TawooDistrictHQ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှင့်(CRPH- Committee Representing Pyidaungsu Hluttaw) မှ ချမှတ်လာမည့်အုပ်ချုပ်ရေးဆိုင်ရာယန္တရားများအပေါ်တွင် ကေအဲန်ယူ–တောင်ငူခရိုင်၏သဘောထား ထုတ်ပြန်ကြေညာချက်

(၂၄–၂–၂၀၂၁)

(၁) ၁–၂–၂၀၂၁ တပ်မတော်မှ စစ်အာဏာသိမ်းခဲ့သည့်အပေါ်တွင် မိမိတို့ ကေအဲန်ယူ– ဗဟို၏ သဘောထားထုတ်ပြန်ချက်များအတိုင်း မိမိတို့ ကေအဲန်ယူ–တောင်ငူခရိုင်မှ ရပ်တည်ပါသည်။

(၂) စစ်အာဏာသိမ်းပြီးနောက်ဆက်တွဲအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ပြည်ထောင်စုအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်ဖြင့် စီမံအုပ်ချုပ်ရေးကောင်စီများအား အုပ်ချုပ်ရေးပုံစံချမှတ်ပြီး အာဏာလုယူမှုအပေါ်တွင် မိမိတို့ ကေအဲန်ယူ– တောင်ငူခရိုင် အနေဖြင့် လုံးဝလက်ခံခြင်းမရှိဘဲ မိမိတို့ကေအဲန်ယူ–တောင်ငူခရိုင်နယ်မြေဒေသအတွင်းတွင် ချမှတ်လာမည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်ရေးယန္တရားများကို ကန့်ကွက်သွားမည်ဖြစ်ပါသည်။

(၃) ထို့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြန်လည်အသက်သွင်းရန် အကောင်အထည်ဖော်နေသည့် (CRPH- Committee Representing Pyidaungsu Hluttaw)မှ အုပ်ချုပ်ရေးပုံစံများ ချမှတ်လာမည့် အစီအစဉ်များကိုလည်း မိမိတို့ ကေအဲန်ယူ–တောင်ငူခရိုင်အနေဖြင့် လုံးဝလက်ခံမည်မဟုတ်ဘဲ မိမိတို့ကေအဲန်ယူ–တောင်ငူခရိုင် နယ်မြေဒေသအတွင်းတွင် ချမှတ်လာမည့် (CRPH- Committee Representing Pyidaungsu Hluttaw)၏ နောက်ဆက်တွဲ အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများကိုလည်း ကန့်ကွက်သွားမည် ဖြစ်ပါသည်။

(၄) လက်ရှိ ရှိနှင့်နေပြီးသား မြို့နယ်–ကျေးရွာအုပ်ချုပ်ရေးယန္တရားများတွင်လည်း သက်ဆိုင်ရာ နယ်မြေအလိုက် ပါဝင်ခဲ့သောကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ထွေအုပ်

ဌာနများမှ တာဝန်ရှိသောသူများသည်လည်း စစ်အာဏာသိမ်းခြင်းအား လက်မခံသည့် အနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမပြုတော့ရန် အသိပေးပါသည်။

(၅) မိမိတို့ ကေအဲန်ယူ–တောင်ငူခရိုင်အတွင်းတွင် နဂိုရှိနှင့်ပြီးသား ကေအဲန်ယူ၏ အုပ်ချုပ်ရေး ယန္တရားများအတိုင်း ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာဖွဲ့စည်း ပုံအခြေခံဥပဒေသစ်တရပ်ပေါ်ပေါက်လာနိုင်ရန်လည်း အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

(၆) ယနေ့ တပ်မတော်မှအာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော အကြမ်းမဖက်ငြိမ်းချမ်းစွာ ဆန္ဒ ထုတ်ဖော်သော လူထုလှုပ်ရှားမှုမှန်သမျှကိုလည်း ထောက်ခံဝန်းရံပံ့ပိုးသွားမည်ဖြစ်ပြီး ငြိမ်းချမ်း စွာဆန္ဒထုတ်ဖော်သော လူထုလှုပ်ရှားမှုများအား အာဏာသိမ်းအစိုးရမှ အကြမ်းဖက် နှိမ်နင်း ခြင်းများ၊ ဖမ်းဆီးခြင်းများ၊ တရားစွဲဆိုခြင်းများအား မပြုလုပ်ရန် တောင်းဆိုလိုက်သည်။

(၇) မိမိတို့သည် ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် တစိုက်မတ်မတ် တောင်းဆိုတိုက်ပွဲ ဝင်လာခဲ့သည့်အပေါ် တန်းတူညီမျှခြင်းနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကိုအကောင်အထည်ဖေါ်ဆောင်ရွက် သွားမည်ဖြစ်ပြီး မိမိတို့ကေအဲန်ယူ–တောင်ငူခရိုင်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှင့် (CRPH- Committee Representing Pyidaungsu Hluttaw)မှ ချမှတ်လာမည့် အုပ်ချုပ်ရေး ဆိုင်ရာယန္တရားများကို လုံးဝလက်ခံသွားမည်မဟုတ်ပါကြောင်း သဘောထားထုတ်ပြန် ကြေညာ လိုက်ပါသည်။


**အလုပ်အမှုဆောင်ကော်မတီ**
**ကရင်အမျိုးသားအစည်းအရုံး**
**ကေအဲန်ယူ–တောင်ငူခရိုင်**
**ကော်သူးလေ**

**ဆက်သွယ်ရန်**

- 09798253798
- 09797926210
- 09770186861
- 09455762878